# 5 လက်မှတ်တံဆိပ်တုံး

ဂျပန်နိုင်ငံတွင် လက်မှတ်အစား လက်မှတ်တံဆိပ်တုံးကို အသုံးပြုပါသည်။

## 5-1 လက်မှတ်တံဆိပ်တုံးဆိုရာတွင်

လက်မှတ်တံဆိပ်တုံးတွင် နေ့စဉ်သုံးစွဲနေသည့် "အသိအမှတ်ပြုတံဆိပ်တုံး" နှင့် အရေးကြီးသောစာရွက်စာတမ်း၌ အသုံးပြုသော "ကိုယ်ပိုင်တံဆိပ်တုံး"တို့ရှိပါသည်။ မည်သည့်တံဆိပ်တုံးမဆို "တံဆိပ်တုံးဆိုင်"တွင်ပြုလုပ်နိုင်ပြီး အသုံးပြုသည့် ကုန်ကြမ်း အရည်အသွေးအပေါ် မူတည်၍ အလွန်ဈေးနှုန်းကွာခြားမှာဖြစ်သည်။

### (1) အသိအမှတ်ပြုလက်မှတ်တံဆိပ်တုံး




အုပ်ချုပ်ရေးရုံးသို့ အကြောင်းကြားလျှောက်လွှာများနှင့် စာတိုက်မှပါဆယ်များ လက်ခံယူသည့်အခါတွင် လက်မှတ်နှင့်မခြားအသုံးပြုသည့် သေးငယ်သောတံဆိပ်တုံး ဖြစ်သည်။ အထွေအထူး ကန့်သတ်ချက်မရှိ သော်လည်း ဘဏ်စာရင်းဖွင့်သောအခါ၌ အသုံးပြုခဲ့သော လက်မှတ်တံဆိပ်တုံး (ဘဏ်တံဆိပ်တုံး) သည် ငွေစုစာအုပ်ကိုအသုံးပြု၍ ငွေကြေးထုတ်ယူသောအခါနှင့် ဘဏ်စာရင်းပိတ်သောအခါ၌ လိုအပ်သော ကြောင့် ဂရုတစိုက်ထိန်းသိမ်းပါ။

### (2) ကိုယ်ပိုင်လက်မှတ်တံဆိပ်တုံး

ကိုယ်ပိုင်လက်မှတ်တံဆိပ်တုံးသည် အများနှင့်သက်ဆိုင်သော အရေးကြီးသည့် စာရွက်စာတမ်း၌ ရိုက်နှိပ်သောအခါအသုံးပြုသော လက်မှတ်တံဆိပ်တုံးကို ခေါ်ဆိုသည်။ သင်နေထိုင်သောမြို့နယ်၏ အစိုးရရုံးတွင် တံဆိပ်တုံးအရာ (ရိုက်နှိပ်ထားသောတံဆိပ်တုံး) ကို မှတ်ပုံတင် (လက်မှတ်တံဆိပ်တုံးမှတ်ပုံတင်) ရပါမည်။